ပိသားစု

လောကသို့ ကြေညာချက်

ယေရှုခရစ်တော်၏နောက်ပိုင်းကာလသန့်ရှင်းသူများအသင်းတော်၏ ပထမဥက္ကဋ္ဌအဖွဲ့နှင့် တမန်တော်တစ်ဆယ့်နှစ်ပါး အတိုင်ပင်ခံအဖွဲ့

ကျွန်ုပ် တို့၊ ယေရှုခရစ်တော်၏ နောက် ပိုင်း ကာလ သန့်ရှင်း သူ များ အ သင်း တော်၏ ပ ထ မဥက္ကဋ္ဌ အ ဖွဲ့နှင့် တ မန် တော် တစ် ဆယ် နှစ် ပါး အ တိုင် ပင် ခံ အ ဖွဲ့သည်၊ ယောကျ်ား တစ်ဦး နှင့် မိန်း မ တစ်ဦး အိမ်ထောင် ပြုခြင်းမှာ ဘုရားသခင်တည်ထောင်ထားသော အရာ ဖြစ်ကြောင်းနှင့် မိ သား စု မှာ ဖန် ဆင်း ရှင်၏ သား သမီး တို့၏ ထာဝရကံကြမ္မာအတွက် သူ့အစီအစဉ်၌ ဗဟိုချက်ဖြစ်ကြောင်းလေး နက်စွာကြေညာပါသည်။

ခပ်သိမ်းသောလူသားတို့—ယောကျ်ားနှင့် မိန်းမတို့—ကို ဘုရားသခင်၏ပုံသဏ္ဌာန်နှင့် အညီ ဖန်ဆင်းထားပါသည်။ တစ်ယောက်ချင်းစီတိုင်းသည် ကောင်းကင်ဘုံရှင်မိဘ တို့၏ ချစ်လှစွာသော ဝိညာဉ်သား သို့မဟုတ် သမီးဖြစ်ပါသည်၊ ထို့အတူ၊ သို့ဖြစ်၍၊ တစ် ယောက်ချင်းစီ၌ မြင့်မြတ်သောသဘောနှင့် ကံကြမ္မာရှိပါသည်။ ကျား၊ မ ကွဲပြားမှုသည် တစ်ဦးချင်းစီ၏ လူဇာတိမတိုင်မီ၊ လူဇာတိနှင့် ထာဝရကာလတို့၌ သတ်မှတ်ချက်နှင့် ရည်ရွယ်ချက်တို့၏ အခြေခံ လက္ခဏာတစ်ရပ် ဖြစ်ပါသည်။

လူဇာတိမတိုင်မီ နယ်ပယ်တွင်၊ ဝိညာဉ်သားများနှင့် သမီးများသည် ဘုရားသခင်ကို မိမိ တို့၏ ထာဝရအဘအဖြစ် သိခဲ့ကြ၊ ကိုးကွယ်ခဲ့ကြပြီး၊အစီအစဉ်ကို လက်ခံခဲ့ကြပါသည်၊ ထိုအစီအစဉ်အား ဖြင့် သူ၏သား သမီးတို့သည် ရုပ်ကိုယ်ခန္ဓာကို ရရှိကြ၊ စုံလင်ခြင်းဆီ သို့ တိုးတက်သည့် လောကီအတွေ့အကြုံကို ရရှိကြပြီး လျှင်၊ နောက်ဆုံးတွင်၊ သူတို့၏ မြင့်မြတ်သော ကံကြမ္မာမှာ ထာဝရအသက်ကို အမွေခံသောသူများဖြစ်ကြရကြောင်း သ တိပြုမိကြပါသည်။ မြင့်မြတ်သော ပေးကမ်းခြင်းအစီအစဉ်သည် မိသားစုဆက်ဆံရေး များကို သံချိုင်းတစ်ဖက်အထိပင် အစဉ်မပြတ်ရှိနိုင်စွမ်းဆောင်ပါသည်။ သန့်ရှင်းသောဗီ မာန်တော်များထဲ၌ ရရှိနိုင်သည့် သန့်ရှင်းမှုနှင့်မြတ်သော ဘိသိက်မင်္ဂလာများနှင့် ပဋိညာဉ် များသည် တစ်ကိုယ်ရေတစ်ကာယတို့အတွက် ဘုရားသခင်၏မျက်မှောက်တော်သို့ ပြန် သွားရန်နှင့် မိသားစုများအတွက် ထာဝရပေါင်းစည်းခြင်းတို့ကို ဖြစ်နိုင်စေပါသည်။

ဘုရားသခင်မှ အာဒံနှင့် ဧဝတို့အား ပေးသည့် ပထမပညတ်တော်မှာ ခင်ပွန်းနှင့် ဇနီး အဖြစ် သူတို့၏ မိဘအခွင့်ဖြစ်နိုင်စွမ်းနှင့် စပ်ဆိုင်ပါသည်။ ဘုရားသခင်၏သား သမီး များအတွက်၊ ဌာနများရန်နှင့် မြေကြီးကို ပြည့်စေရန်ဟူသော သူ၏ပညတ်တော်မှာ တ ရားဝင်လျက်ရှိနေကြောင်း ကျွန်ုပ်တို့ကြေညာပါသည်။ မွေးဖွားခြင်းနှင့်စပ်လျဉ်းသည့် သန့်ရှင်းမှုနှင့်မြတ်သောစွမ်းအားများကို ခင်ပွန်းနှင့် ဇနီးအဖြစ် တရားဝင်လက်ထပ်ထား သည့် ယောကျ်ားနှင့် မိန်းမတို့၌သာ အသုံးပြုရမည်ဖြစ်ကြောင်း ဘုရားသခင်မိန့်တော်မူ ခဲ့သည်ကို ကျွန်ုပ်တို့ထပ်၍ ကြေညာပါသည်။

လူဇာတိဘဝကို ဖန်ဆင်းသည့်နည်းလမ်းကို မြင့်မြတ်စွာလမ်းညွှန်ခဲ့ကြောင်း ကျွန်ုပ်တို့ ကြေညာပါသည်။ ဘုရားသခင်၏ထာဝရအစီအစဉ်၌ ဘဝဇာတိသန့်ရှင်းစင်ကြယ်ခြင်းနှင့် ထိုအမှု၏အရေးကြီးခြင်းကို ကျွန်ုပ်တို့ အတည်ပြုပါသည်။

ခင်ပွန်းနှင့် ဇနီးသည် အချင်းချင်းနှင့် မိမိတို့သားသမီးများကို ချစ်ရန်နှင့် ဂရုစိုက်ရန် လေးနက်သောတာဝန်ရှိပါသည်။ “သားသမီးတို့သည် ကိုယ်တော်ရှင်၏အမွေဥစ္စာဖြစ် ကြ၏” (ဆာလံကျမ်း ၁၂၇း၃)။ မိဘများ၌ မိမိတို့သားသမီးများကို ချစ်ခြင်းနှင့် ဖြောင့် မတ်ခြင်းတို့ဖြင့် ပြုစုစောင့်ရှောက်ရန်၊ သူတို့၏ဇာတိပကတိနှင့် ဝိညာဉ်ပကတိလိုအပ် ချက်များကို ပံ့ပိုးပေးရန်၊ တစ်ယောက်ကို တစ်ယောက် ချစ်ဖို့နှင့် အစေခံဖို့၊ ဘုရားသ ခင်၏ပညတ်တော်များကို စောင့်ထိန်းဖို့၊ နေထိုင်သည့်နေရာ၌ ဥပဒေလိုက်နာသော နိုင် ငံသားများဖြစ်ဖို့ သူတို့ကို သွန်သင်ပေးရန် သန့်ရှင်းမွန်မြတ်သော တာဝန်ရှိပါသည်။ ခင် ပွန်းများနှင့် ဇနီးများ—အမိများနှင့် အဘများ—သည် ဤဝတ္ထရာများကို ကျေပွန်မှုရှိမ ရှိ ဘုရားသခင်ရှေ့၌ တာဝန်ရှိလိမ့်မည်။

မိသားစုသည် ဘုရားသခင်တည်ထောင်ထားသောအရာဖြစ်သည်။ ယောကျ်ားနှင့် မိန်း မအိမ်ထောင်ဖက်ပြုခြင်းမှာ သူ၏ထာဝရအစီအစဉ်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သား သမီးများကို အိမ်ထောင်ဖက်ပြုထားသောသူများ၌ မွေးဖွားခွင့်ရှိပါသည်၊ အိမ် ထောင်ဖက် သစ္စာကတိများ၌ လုံးဝသစ္စာရှိခြင်းဖြင့် အလေးထားလိုက်နာသည့် အဘနှင့် အမိတို့၏ ပြုစု စောင့်ရှောက်ခြင်းကိုလည်း ခံရမည်။ မိသားစု၌ ပျော်ရွှင်ခြင်းမှာ ကိုယ် တော်ရှင် ယေရှုခရစ်တော်၏ သွန်သင်မှုများအပေါ်၌ တည်ဆောက်ထားသောအခါ ရရှိ နိုင်ခြေအရှိဆုံးဖြစ်ပါသည်။ အောင်မြင်သောအိမ်ထောင်များနှင့် မိသားစုများသည် ယုံ ကြည်ခြင်း၊ ဆုတောင်းခြင်း၊ နောင်တရခြင်း၊ ခွင့်လွှတ်ခြင်း၊ လေးစားမှု၊ ချစ်ခြင်း၊ သ နားခြင်း၊ အလုပ်၊ ထို့အတူ ကောင်းကျိုးပေးသော အပန်းဖြေရေး လှုပ်ရှားမှုများ၏အ ခြေခံသဘောတရားများဖြင့် တည်ဆောက် ထိန်းသိမ်းထားခြင်း ဖြစ်ပါသည်။ မြင့်မြတ် သော အစီအစဉ်အားဖြင့်၊ အဘများသည် မိမိတို့မိသားစုများအပေါ် ချစ်ခြင်းနှင့် ဖြောင့် မတ်ခြင်းတို့ဖြင့် ဦးစီးရမည်၊ မိမိတို့မိသားစုများ၏ ဘဝလိုအပ်ချက်များနှင့် အကာ အကွယ်ကို ပံ့ပိုးပေးရန် တာဝန်ရှိပါသည်။ အမိများသည် အဓိကအားဖြင့် မိမိတို့သား သမီးများကို ပြုစုစောင့်ရှောက်ခြင်း၌ တာဝန်ရှိပါသည်။ ဤသန့်ရှင်းမွန်မြတ်သောတာ ဝန်များ၌ အဘများနှင့် အမိများသည်၊ တူညီသောလုပ်ဖော်ကိုက်ဖက်များအဖြစ် တစ် ယောက်ကို တစ်ယောက် ကူညီရန်ဝတ္တရားရှိပါသည်။ မသန်မစွမ်းဖြစ်ခြင်း၊ သေခြင်းသို့ မဟုတ် အခြားအခြေအနေများ၌ သီးခြားညှိယှဉ်ခြင်း လိုအပ်နိုင်ပါသည်။

ကာမအပြစ်ကင်းစင်ခြင်းပဋိညာဉ်များကို ချိုးဖောက်သောသူများ၊ အိမ်ထောင်ဖက် သို့ မဟုတ် သားသမီးကို နှိပ်စက်သောသူများ၊ သို့မဟုတ် မိသားစုတာဝန်များကို ကျေပွန်ရန် ပျက်ကွက်သောသူများသည် တစ်နေ့တွင် ဘုရားသခင်ရှေ့၌ တာဝန်ရှိမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သတိပေးပါသည်။ ထို့အပြင်၊ မိသားစုပြိုကွဲခြင်းသည် လူများ၊ အစုအဖွဲ့ များနှင့် နိုင်ငံများအပေါ် ကျရောက်မည်ဖြစ်ကြောင်း၊ ရှေးခေတ်နှင့် ယခုခေတ်ပရော ဖက်များ ထြိုတင်ဟောပြောခဲ့သည့် တေးဒုက္ခများ လူမျိုးတို့အပေါ်ကျရောက်မည်ဖြစ် ကြောင်း ကျွန်ုပ်တို့သတိပေးပါသည်။

လူ့အဖွဲ့အစည်း၏ အခြေခံအဖွဲ့တစ်ခုအဖြစ် မိသားစုကို ထိန်းသိမ်းခွန်အားဖြည့်ပေးရန် စီစဉ်ထားသည့် ထိုနည်းလမ်းများကို အထောက်အကူပြုကြရန် တာဝန်ရှိသောနိုင်ငံသား များနှင့် နေရာတိုင်းရှိ အစိုးရအရာရှိများကို ကျွန်တော်တို့တောင်းဆိုပါသည်။

ဤကြေညာချက်ကို စက်တင်ဘာ ၂၃၊ ၁၉၉၅၊ ဆော့လ်တ်ပြို့၊ ယုတဋ္ဌ ကျင်းပခဲ့သည့် လူမှုသက်သာရေးအဖွဲ့ အထွေထွေအစည်းအဝေး၌ ဥက္ကဋ္ဌ ဂေါဒန် ဘီ၊ ဟင်ကလီက သူ့အမှာစကား၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖတ်ခဲ့ပါသည်။

Unofficial poster layout of the text published on churchofjesuschrist.org. Not an official publication of The Church of Jesus Christ of Latter-day Saints. Generated by Urim, urim.samuelbaird.com